# လင်းခနှ့

# ကွင်းအာမျိုးနှင့် ကျိုးပြင်း ကဗျာများ

# အသံလွင်လွင် ဂန္ထဝင်လေချိုသင်းနှင့် တိုးတိုက်မိခြင်း

မြန်မာဂန္ထဝင်ကဗျာသည် ပုဂံခေတ်တွင် ပေါ်ထွန်းခဲ့သည့် " သိုးက လေ ' ချီ ပုပ္ပားနတ်တောင်ဘွဲ့လင်္ကာနှင့် " မြကန်သာ " ချီ မြကန် ဘွဲ့လင်္ကာတို့ မှ စတင်မြစ်ဖျားခံ စီးဆင်းလာသဖြင့် တွက်ရေကြည့်လျှင် နှစ်ပေါင်းကိုးရာကျော် ၊ တစ်ထောင်နီးပါး အလျားရှည် တည်တံ့ခဲ့ပြီး ဖြ စ်သည် ။ မွေးရန့်တို့ ဖြင့် စုံကြူခဲ့သည် မှာ လည်း အထူးဆိုဖွယ်မရှိပါ ။ ပြီးတော့ လေးလုံးစပ် ၊ ဒွေးချိုး ၊ တြိချိုး ၊ လေးချိုး ၊ တျာချင်း ၊ အိုင်ချင်း ၊ လွမ်းချင်း ၊ တေးထပ် ၊ ရတု စသည့် စပ်ထုံးဖွဲ့နည်း အစုံစုံတို့ ဖြင့် ငုံပွင့် ခဲ့သည် မှာ ခေတ်အဆက်ဆက် ဝေဝေဆာဆာ ။

ထို့ပြင် မြန်မာဂန္ထဝင်ကဗျာသည် သဒ္ဒါလင်္ကာရအသံ၏ ကောင်းခြင်း ၊ အတ္တာလင်္ကာရ အနက်အဓိပ္ပာယ်၏ ကောင်းခြင်းတို့ ဖြင့်လည်း ပြည့်စုံ သဖြင့် မြန်မာတို့ နားနှင့်ပညာရခဲ့သည် ။ ကြားနေကျပေမယ့် နားရည်မ ဝ အားမရနိုင်ခဲ့ပါပေ ။ သို့ဖြင့် စာပေပလ္လင်မှာ ဂန္ထဝင်မြောက် စံတင် လောက်အောင် ထွန်းလင်းတောက်ပခဲ့သည် မှာ အားလုံးအသိ ။ သို့ပါ သော်လည်း ဤသို့အလျားရှည် တည်တံ့လာခဲ့သော မြန်မာဂန္ထဝင် ကဗျာ သည် နှစ်ဆယ်ရာစုခေတ်နှောင်းတွင် စာပေရေစီးအသစ်နှင့် အမှတ်မ ထင် တိုးမိတိုက်မိကြလေသည် ။

ခေတ်စမ်းစာပေခေတ် ၊ စာပေသစ်ခေတ်တို့ တွင် မသိမသာ တိုးဖွ ညင်သာမှုရှိသော်လည်း ၊ ၁၉၇၀ အကွေ့အချိုးသို့ ရောက်သည့်အခါမှာ

တော့ အတန်ငယ် လှုပ်ခါမှုရှိလာခဲ့သည် ။ ၁၉၆၉ ခု ၊ ဒီဇင်ဘာထုတ် က မ္ဘာကျော်လိုက်ဖ်မဂ္ဂဇင်းမှာ ထူးခြားသည့်စာသားတစ်ခုပါခဲ့သည် ။ " အ သံသစ်များ သည် လူငယ်များအား ဘာသာစကား တစ်မျိုးဖြင့်ပြော၏ ။ ယင်းဘာသာစကားသည် လူကြီးများကို ဦးနှောက်ခြောက်စေ သည် " ဟူသော စကားပင် ဖြစ်၏ ။ သူငယ်တွေက ကဗျာနည်းနာအသစ် တွေ ကို ဆည်းပူးလေ့လာကြသည် ။ ကာရန်မပါ ကဗျာမဖြစ်ဆိုသော အယူ အဆကို ကျောခိုင်းလိုလာကြပြီး ၊ ကာရန်ကိုစွန့်ခွာ၍ ကဗျာရေးနည်း အ သစ်တွေကို ရှာကြံလာကြသည် ။ သို့ဖြင့် အနောက်တိုင်းကဗျာ ပုံသဏ္ဍာ န်ဆန်ဆန် လွတ်လပ်ကာရန်ဖြင့် ပေါ့ပါးစွာ ဖန်တီးပျံ့ဝဲလာကြရာမှ ယ နေ့ မော်ဒန်ကဗျာကမ်းခြေဆီအထိ ရောက်ရှိလာသည် မှာ အားလုံး အ တွေ့ အားလုံးအမြင်ပဲဖြစ်ပါသည် ။ ။

အပြောင်းအလဲရေစီး၏ အလျဉ်ကား အံ့ဖွယ်ကောင်းလှပါဘိ ။

ကျွန်တော်တို့ ရပ်ကြည့်နေစဉ်မှာ ပဲ ၊ တံတားအောက်မှာ ရေတွေ အ များကြီး စီးဆင်းသွားခဲ့သည် ။ အဟောင်းတို့ နေရာ၌ အသစ်တွေ တိုးဝ င်လာသည် ။ ခေတ်ကပဲတောင်းဆိုလို့ လား ၊ အနုပညာအာရုံ ခံစားမှု က ပဲ ပြောင်းလာလို့ လားမသိ ။ အသစ်ပေါ်ထွက်လာသည့် မဂ္ဂဇင်းအားလုံး နီးပါးမှာ ခေတ်ပေါ် မော်ဒန်ရနံ့ကဲသော ကဗျာတို့ ကိုဦးစားပေး ဖော်ပြ လာကြသည် ။ ကာလအတန်ငယ် ရွေ့လျားလာတော့ ဂန္ထဝင်ဟန်ကဗျာ ကို နေရာပေးဖော်ပြသော မဂ္ဂဇင်းတွေပင် ခပ်ရှားရှားဖြစ်လာ၏ ။ ဤမြ န်မာ ကဗျာလောက ဖြစ်စဉ်၏ ပကတိအရှိတရား ၊ ပကတိဖြစ်တည်မှုပ င် ဖြစ်ပါသည် ။

ဤသို့ဆိုလျှင် မြန်မာဂန္ထဝင်ကဗျာ၏ တန်ဖိုးထိုးကျသွားလို့ လားဟု စဉ်းစားစရာရှိလာသည် ။ တကယ်တော့ လုံးဝမဟုတ်ပါ ။ ဂန္ထဝင် ကဗျာ

သည် ရှေးကအတိုင်း သူ့တန်ဖိုးနှင့်သူ အမြင့်တစ်နေရာ၌ ထိုက်တန်စွာ ရှိနေမြဲပင် ဖြစ်၏ ။ ဒါဆိုဘာကြောင့် ကဗျာချစ်သူများ နှင့် လူငယ်များ စိတ်ဝင်စားမှုအား လျော့ပါးသွားရပါသလဲ ။ စဉ်းစားကြည့်ဖို့ အလွန်ကောင်းပါသည် ။ လေ့လာသုံးသပ်ကြည့်ဖို့ လွန်စွာလိုအပ်လာပါသည် ။

ကျွန်တော့်အမြင်ပြောရလျှင် . . . . ။

ဂန္ထဝင်ကဗျာရေးလက်တို့ ၊ ခေတ်သစ်၌ အားထုတ်မှု ဒီရေ လျော့ပါးကျဆင်းသွားပြီး ကာရန် ချိတ်ဆက်မိရုံ ။ ကာရန်စာသာသာ အဖြစ်သို့ ရောက်ရှိသွားလို့ လားဟု သတိပြုဆင်ခြင်မိပါသည် ။ ခေတ်ပေါ်မော်ဒန်ကဗျာ ချစ်သူ လူငယ်များ ၏ အတွေးအရေးနှင့်အကြောင်းအရာ ၊ စကားလုံး ၊ နိမိတ်ပုံသုံးစွဲပုံကိုကား ၊ ဖျတ်ခနဲ ဖျတ်ခနဲ လက်လက်ပပ မြင်ရသည် ။ ကြိုးစားအားထုတ်မှု လက်ရည်ချင်း ကွာခြားသွားတာသာ အဓိကပဓာနကျ၏ ။ သို့ဖြင့် ၁၉၈၀ - ၁၉၉၀ ကာလ ကဗျာရေစီးသည် ပင် ၁၉၉၀ - ၂၀၀၀ပြည့်နှစ် ရေစီးနှင့်မတူတော့ ။ ၂၀၀၀ ပြည့်နှစ် သည်ဘက်ပိုင်း၌ ကား ၊ အံ့ဖွယ်ကောင်းလောက်အောင် ပို၍ ပို၍ အသွင်ပြောင်း သွားလေတော့သည် ။

ဤနေရာတွင် ကာရန်ပါတိုင်း ကဗျာမဟုတ်ဟု ပြောခဲ့ဖူးသော ဆရာတင်မိုး၏ စကားကို ကျွန်တော် ပြန်လည်ကြားယောင်မိပါသည် ။ ထို့အတူ မြန်မာကဗျာချစ်သူ ဆရာကြီးမြဇင် ကိုလည်း အထူးသတိရလာမိပါသည် ။ ဆရာကြီးမြဇင်သည် သူတန်ဖိုးထားမြတ်နိုးသော မြန်မာကဗျာကို ကမ္ဘာက တန်ဖိုးထားစေလိုသောကြောင့် ၊ မြန်မာကဗျာ တိုးတက်ရာတိုးတက်ကြောင်း မြန်မာကဗျာ ပြောင်မြောက်ရာ ပြောင်မြောက်ကြောင်းတို့ ကို အစဉ်တစ်စိုက်လေ့လာစူးစမ်း ဆင်ခြင်စဉ်းစားခဲ့သည် ။ နီးစပ်ရာပညာရှင်များ ၊ မိတ်ဆွေများ နှင့် အမြင်ချင်းဖ

လှယ်ဆွေးနွေးခဲ့သည် ။ ကဗျာဝပ်ရှော့တွေလုပ် ၊ ဆောင်းပါးတွေရေး ၊ စာတမ်းတွေဖတ် ၊ စာအုပ်တွေ တခုတ်တရထုတ်ခဲ့သည် ။ ထိုသို့ဖြင့် မြန်မာကဗျာ၏ အားကောင်းကွက် ၊ အားပျော့ကွက်တို့ ကို တွေ့မြင်သိရှိလာသော ဆရာကြီးသည် အဖိုးမဖြတ်နိုင်သော ဝေဖန်ရေး ရှုမြင်သုံးသပ်ချက်ကို အခုလိုပေးခဲ့၏ ။

**( ၁ ) မြန်မာကဗျာသည် ဝါဒအရာတွင် အားသန်နေသည် ။**

**( ၂ ) မြန်မာကဗျာသည် အတတ်အရာတွင် အားပျော့နေသည် ။**

ဆရာကြီး၏ အာဘော်ကိုစစ်ချလိုက်လျှင် မြန်မာကဗျာတွင် အတတ်ပညာချို့တဲ့ နုံ့နဲ့ သည် ။ အတတ်ပညာလိုအပ်နေသည် ။ အတတ် ပညာအားကောင်းမှ ဘက်စုံအားကောင်းပြီး ၊ မြန်ကဗျာ ပြောင်မြောက် တိုးတက်လာမည်ဟု သတိပေးစကားပြောလိုက်ခြင်းပါပဲ ။ သို့ဆိုလျှင် အတတ်ပညာဆိုတာ ဘာလဲ ၊ ခံစားပုံကိစ္စ ၊ ခံစားမှုကိစ္စ ၊ အတွေးကိစ္စ သာမက ဝါကျဖွဲ့ထုံးကိစ္စ ၊ နရီကိစ္စ ၊ နိမိတ်ပုံကိစ္စ ၊ ရူပကကိစ္စ ၊ ကာရန် ကိစ္စစသည် တို့ ကို လွှမ်းခြုံထားခြင်းပင်ဖြစ်ပါသည် ။

ခေါင်းအေးအေးထားပြီး အလေးအနက်စဉ်းစားစရာဟု ကျွန်တော်ဆိုချင်ပါသည် ။ ။